## (၁) ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီဆိုတာဘာလဲ

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် မြန်မာနိုင်ငံတွင် (၁၉၉၀)ပြည့်နှစ်၊ မေလ(၂၇) ရက်နေ့တွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသည်။ (၁၉၉၈)ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် ယင်းကော်မတီ ဖွဲ့စည်းကြေညာခဲ့ပြီး စက်တင်ဘာလ(၁၆)ရက်နေ့တွင် ကျင်းပသောကော်မတီ၏ ပထမအကြိမ်အစည်းအဝေးတွင် တရားဝင်ဖွဲ့စည်းခဲ့သည် ။ (၁၉၉၀)ခုနှစ် ရွေးကောက်ပွဲ၏ ရလဒ်ဖြစ်သော ပြည်သူ့လွှတ်တော်ဖွဲ့သည်းရေး တာဝန်ကို နအဖမှ (၉)နှစ်ကျော်ကြာ ဆက်လက်ငြင်းဆန်လျက်ရှိသောကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ကိုသမိုင်းရေးရာ လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည် ။ အဖွဲ့ဝင်(၁၀)ဦးအနက် (၉)ဦးသည် အမျိုးသားဒီမိုကရေစီချုပ်မှ ဖြစ်ပြီး ကျန်တစ်ဦးမှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ၊ ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှင့် ဇိုမီးအမျိုးသားကွန်ဂရက် တို့ကို ကိုယ်စားပြုသည်။ ယင်းနိုင်ငံရေးပါတီ(၅)ခုသည် စုစုပေါင်းပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၄၈၅)နေရာ အနက်(၄၃၃)နေရာ(၈၉)ရာခိုင်နှုန်းကို ကိုယ်စားပြုသည် ။




အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့်အတူ တွေ့မြင်ရသည့် တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်များ

## (၂) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဘာကြောင့် ဖွဲ့စည်းရသလဲ

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲကို နဝတ–နအဖမှ(၃၁–၅–၈၉)နေ့စွဲဖြင့်ထုတ်ပြန်ခဲ့သည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေအမှတ် (၁၄/၈၉) အရ ကျင်းပခဲ့ခြင်းဖြစ်သည်။

(၁) ယင်းဥပဒေ၏ နိဒါန်းတွင် လွှတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်နိုင်ရန်ဟူ၍ လည်းကောင်း။

(၂) ဥပဒေ၏ အခန်း (၁) ပုဒ်မခွဲ (က) တွင် လွှတ်တော်ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကို ဆိုလိုသည်။ ပုဒ်မခွဲ (ခ) တွင် ရွေးကောက်ပွဲဆိုသည်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုဆိုသည်။ ပုဒ်မခွဲ (ဂ) တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခြင်းခံရသူကို ဆိုလိုသည်ဟူ၍ လည်းကောင်း။

(၃) ယင်းဥပဒေအခန်း (၁) တွင် လွှတ်တော်ကို မဲဆန္ဒနယ်များအနက်မှ ဤဥပဒေနှင့်အညီရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဟူ၍ လည်းကောင်း ဖော်ပြထားသည်။ ယင်းဥပဒေပြဌာန်းဖော်ပြမှုများအရ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည် တိုင်းပြုပြည်ပြုလွှတ်တော်အတွက် မဟုတ်ပါ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက်လည်း မဟုတ်ပါ။ ဥပဒေပြုအာဏာ၊ စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ပိုင်စိုးမည့် ပြည်သူ့လွှတ်တော်ဖွဲ့စည်းရန်ပြုလုပ်မည့် ရွေးကောက်ပွဲဖြစ်ကြောင်း တရားဥပဒေအရထင်ရှားသည်။

ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်မှာပင် ထိုအချိန်က နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင်အား "အကယ်၍ အတိုက်အခံများမှ အနိုင်ရမည်ဆိုပါက အာဏာလွဲပြောင်းပေးပါ့မည်လား" ဟုမေးရာ ငါပေးထားတဲ့ ကတိကိုစောင့်ထိမ်းပါမည်ဟု မဲရုံမှ မဲပေးပြီးထွက်လာကာစတွင် ပြောကြားခဲ့သည်။

လက်တွေ့တွင်ကား နဝတ၊ နအဖ တို့သည် ၎င်းတို့ထုတ်ပြန်ထားသော ရွေးကောက်ပွဲ ဥပဒေကို စတ္တာ စိတ်လုပ်လျက် ဥပဒေစိုးမိုးမှုကို မျက်ကွယ်ပြုခဲ့သည်။ ရွေးကောက်ပွဲ ဥပဒေကိုချိုးဖောက်လျက် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၂၇) ရက်နေ့တွင် ကြေညာချက် (၁/၉၀) ကို ထုတ်ပြန်ခဲ့သည်။ (၁/၉၀) ၏ အနှစ်သာရမှာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည် ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာ၊ တရားစီရင်ရေးအာဏာများကို ကျင့်သုံးနိုင်သော လွှတ်တော်ကိုဖွဲ့စည်းရန်မဟုတ်၊ ရွေးချယ်ခံရသော ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို သာရေးဆွဲရမည်။ ယာယီဥပဒေရေးဆွဲ၍ အချုပ်အခြာ အာဏာသုံးရပ်ကို ကျင့်သုံးပါက လက်မခံဘဲ အရေးယူမည်။



ရှေ့တန်း၊ ဝဲမှယာ ဦးလွင်၊ ဦးအေးသာအောင်၊ ဦးအောင်ရွှေ၊ ဦးသန်းထွန်း၊ ဦးတင်ဦး
နောက်တန်း၊ ဝဲမှယာ ဦးလှဖေ၊ ဦးစိုးမြင့်၊ ဦးလှုန်းတင်၊ ဦးညွန့်ဝေ၊ ဒေါ်အောင်ဆန်းစုကြည်

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးသည့်ကာလမှစ၍ အကြိမ်ပေါင်းများစွာ၊ နည်းလမ်းပေါင်းများစွာအသုံးပြု ပြီး ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲမှတဆင့် ဖော်ပြခဲ့သည့် ပြည်သူ့လူထုဆန္ဒကို အကောင်အထည်ဖော်နိုင်ရေးအ တွက် ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် (အမှန်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီရွေးကောက်ပွဲ ဥပဒေ တွင် လည်းကောင်း၊ ၁/၉၀ အရလည်းကောင်း၊ နဝတ မှ ကတိပြုပြီးဖြစ်သည်) အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ (၁၀) နှစ် နီးပါးတိုင် စိတ်ရှည်လက်ရှည်သည်းခံလျက် တောင်းဆို၍မရသည့်အဆုံးတွင် ပြည်သူ့လွှတ်တော်ခေါ်ယူရေးသည် နအဖ အတွက်သာ တာဝန်ရှိသည်မဟုတ်၊ အရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတွင်ပါ အဓိကတာ ဝန်ရှိသည်ဟု ယူဆလျက်၊ ပြည်သူ့လွှတ်တော်ခေါ်ယူရေးရည်ရွယ်ချက်ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ကို ဖွဲ့စည်းခဲ့ရခြင်းဖြစ်သည်။

## (၃) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ရည်ရွယ်ချက်က ဘာတွေလဲ

(က) ပြည်သူလူထုက လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့နှင့်၎င်းတို့၏တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်ပေးရန် ကိုယ်စားလှယ်လွှဲအပ်ထားသည့် တာဝန်များကို လျစ်လျူရှု၍မထားနိုင်သည့် အားလျော်စွာ အတိုင်းအတာတခုအထိ စွမ်းဆောင်ပေးနိုင်သမျှ ဆောင်ရွက်ပေးရန်။

(ခ ) ပြည်သူ့လွှတ်တော်ပေါ်ပေါက်လာလျင် ဒီမိုကရေစီရေးထွန်းကားလာပြီး ယင်းနှင့်အတူ လူ့အခွင့်အ ရေးများ တိုးတက်ကောင်းမွန်လာစေရန်။

(ဂ ) နိုင်ငံတွင်း ပြည်သူလူထုခံစားကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအစရှိသည့် အထွေထွေအကျပ်အတည်းများကို အာဏာပိုင်တို့ကျင့်သုံးနေသည့် နိုင်ငံရေးအင်အားစုများအပေါ် ဖိအားပေးအကျပ်ကိုင်၊ ဖမ်းဆီးထိန်းသိမ်းသည့်နည်းများဖြင့် အကျပ်အတည်းများကို အသေအချာမဖြေရှင်းနိုင်သည်ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် တတ်အားသရွေ့ ဖြေရှင်းပေးနိုင်ရန်ဟူသော ရည်ရွယ်ချက် (၃) ရပ်ဖြင့် ဖွဲ့စည်းသည်။

## (၄) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဘယ်သူတွေနဲ့ ဖွဲ့စည်းထားသလဲ

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များကို အောက်ဖော်ပြပါ ပုဂ္ဂိုလ် (၁၀) ဦးဖြင့် ဖွဲ့စည်းထားပါသည်။



ဦးအောင်ရွှေ
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ဥက္ကဋ္ဌ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်
မဲဆန္ဒနယ်အမှတ် (၁)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၉၁၈ ခုနှစ် ဇူလိုင်လ(၁၉)ရက်နေ့တွင်မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်မှ ၁၉၄၀ခုနှစ်တွင်တွင် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေး တပ်မတော် **(BLA)** ဗမာ့ကာကွယ်ရေးတပ်မတော် **(BDA)** ဗမာ့မျိုးချစ်တပ်မတော် **(PBF)** တို့တွင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး အဖြစ်အမှုထမ်းဆောင်နေစဉ် အလုပ်မှထုတ်ပယ်ခြင်းကိုခံခဲ့ရသည်။

၁၉၆၁ခုနှစ်မှ ၁၉၇၅ခုနှစ်အတွင်းသံအမတ်ကြီးအဖြစ်သြစတေးလျ၊ အီဂျစ်၊ ပြင်သစ်၊ စပိန်နှင့် နယ်ယူးဇီလန်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အဖမ်းခံနေရစဉ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။



ဦးသန်းထွန်း
အတွင်းရေးမှူး
ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ
ဗဟိုအလုပ်အမှုဆောင်ကော်မတီ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မန္တလေးတိုင်း၊ တောင်သာမြို့နယ်
မဲဆန္ဒနယ်အမှတ် (၂)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၉၂ ၁ ခုနှစ်တွင်မွေးဖွားသည်။ ၁၉၃၇ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း မြင်းခြံကျောင်းသားများသမဂ္ဂအဖွဲ့ဝင်ဖြစ်ခဲ့သည်။ ၁၉၄၂ခုနှစ်မှ၁၉၄၆ခုနှစ်အတွင်းဗမာ့လွတ်လပ်ရေးတပ်မတော် **(BLA)** တွင်အမှုထမ်းခဲ့သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၃၅ ခုနှစ်အတွင်းဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ (ဖဆပလ)၏ မြင်းခြံခရိုင် အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ခုနှစ်တွင် လွှတ်တော်အမတ်ဖြစ်ခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း မြန်မာနိုင်ငံကုန်သည်ကြီးများသမဂ္ဂအတွင်းရေးမှူးဖြစ်ခဲ့သည်။ ၁၉၄၆ခုနှစ်တွင် မဆလ ပါတီဝင်ဖြစ်ခဲ့သည်။ ထို့အပြင် ဦးသန်းထွန်းသည် ၁၉၈၅ ခုနှစ်၌ အမျိုးသားညီလာခံကို ဆန့်ကျင်သပိတ်မှောက်ခဲ့ သူလည်းဖြစ်သည်။


U Aye Ta Aung

ဦးအေးသာအောင်
အတွင်းရေးမှူး
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
တွဲဘက်အထွေထွေအတွင်းရေးမှူး
ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရခိုင်ပြည်နယ်မြေပုံမြို့၌မွေးဖွားသည်။ ကာကွယ်ရေးဝန်ကြီးဌာနအကြီးစား စက်မှုလုပ်ငန်းကော်ပိုရေးရှင်းတွင် ဒုဗိုလ်မှူးကြီးအဖြစ် အမှုထမ်းခဲ့သည်။ ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တွဲဘက်အထွေထွေအတွင်းရေးမှူးလည်းဖြစ်သည်။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီတွင် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဇိုမီး အမျိုးသားကွန်ဂရက်တို့ကို ကိုယ်စားပြုသည်။


U Tin Oo

ဦးတင်ဦး
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ဒု – ဥက္ကဋ္ဌ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

၁၉၂၇ ခုနှစ်၊ ဧရာဝတီတိုင်း၊ ပုသိမ်မြို့၌ မွေးဖွားသည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဗိုလ်ချုပ်ကြီးအ ဖြစ်နှင့် ကာကွယ်ရေးဝန်ကြီး တာဝန်ယူခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဖမ်းဆီးခံရပြီး ၁၉၈၀ ခုနှစ်တွင် လွတ်ငြိမ်းချမ်း သာခွင့်အမိန့်ဖြင့် ပြန်လွတ်လာခဲ့သည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် ဖွဲ့စည်းသောအခါ ဒု – ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် အကျယ်ချုပ်ဖြင့် အဖမ်းခံခဲ့ရပြီး။ ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ထောင်ဒဏ် (၃) နှစ် အပြစ်ပေးခံခဲ့ရသည်။


Daw Aung Sun Su Kyi

ဒေါ်အောင်ဆန်းစုကြည်
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
အထွေထွေအတွင်းရေးမှူး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

၁၉၄၅ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့တွင် ရန်ကုန်မြို့၌ မွေးဖွားသည်။ သူမ၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရစဉ် အသက် (၂) နှစ်သာရှိသေးသည်။ သူမ၏မိခင် ဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာသံအမတ် ကြီးအဖြစ်အမှုထမ်းစဉ် မိခင်နှင့်အတူ လိုက်ပါသွားပြီး အိန္ဒိယနှင့် အင်္ဂလန်နိုင်ငံတို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လာပြီး မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှု၏ အထင်ကရပုဂ္ဂိုလ်ဖြစ်ခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်စတင်ဖွဲ့စည်းစဉ်မှ ယခုအထိ အထွေထွေ အတွင်းရေးမှူးတာဝန်ယူခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဇူလိုင် (၁၉) ရက်နေ့မှ ၁၉၉၅ ခုနှစ်၊ ဇူလိုင် (၁၀) ရက်နေ့အထိ အကျယ်ချုပ်အဖမ်းခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်တွင် နိုဘယ်လ်ငြိမ်းချမ်းရေးဆုကို ရရှိခဲ့သည်။



ဦးလွင်
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်
မဲဆန္ဒနယ်အမှတ် (၁)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၉၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် မွေးဖွားသည်။ မဆလလက်ထက် ဒု – ဝန်ကြီးချုပ်နှင့် မဆလပါတီဝင်ဖြစ်ခဲ့သည်။ ၁၉၄၂ ခုနှစ် မှ ၁၉၄၅ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျပန်တော်ဝင်စစ်သင်တန်းကျောင်းနှင့် ဗြိတိသျှတော်ဝင်စစ်သင်တန်းကျောင်းတို့၌ ဆည်းပူးခဲ့သည်။ အမေရိကန်နိုင်ငံဆိုင်ရာ စစ်သံမှူးအဖြစ်လည်း အမှုထမ်းခဲ့ဖူးသည်။



ဦးလှဖေ
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဧရာဝတီတိုင်း၊ ဇမာ်လမြိုင်ကျွန်း
မဲဆန္ဒနယ်အမှတ် (၁)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၉၂၇ ခုနှစ် ဇန်နဝါရီလ (၁၉) ရက်နေ့တွင် မွေးဖွားသည်။ ဧရာဝတီတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်ဖြစ်သည်။ ပါလီမန်ဒီမိုကရေစီကာလ ၁၉၅၁ ခုနှစ်မှ ၁၉၆၁ ခုနှစ်အတွင်း မော် လမြိုင်ကျွန်းမြို့နယ် လွှတ်တော်အမတ်အဖြစ်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာန အရာရှိအဖြစ် အမှုထမ်းခဲ့သည်။



ဦးစိုးမြင့် (သခင် စိုးမြင့်)
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်
မဲဆန္ဒနယ်အမှတ် (၁)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၉၂၃ ခုနှစ် ဩဂုတ်လ (၁၆) ရက်နေ့တွင် မွေးဖွားသည်။ ဦးစိုးမြင့်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးဖြစ်ပြီး လွတ်လပ်ရေးမရမီ ပြည်သူ့တော်လှန်ရေးပါတီအဖွဲ့ ဖြစ်ခဲ့သည်။ ထို့အပြင် ဒို့ဗမာအစည်းအရုံး မြောင်းမြမြို့နယ်အတွင်းရေးမှူးဖြစ်ခဲ့သည်။ ဗမာ့ကာကွယ်ရေးတပ်မတော်တွင် တပ်မှူးအဖြစ် အမှုထမ်းခဲ့သည်။



ဦးလွန်းတင်
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
မွန်ပြည်နယ် ၊ မော်လမြိုင်မြို့နယ်
မဲဆန္ဒနယ်အမှတ် (၁)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၉၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မွေးဖွားသည်။ ၁၉၈၆ ခုနှစ် အောက်တိုဘာလ (၉) ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်နှင့် မွန်ပြည်နယ်တာဝန်ခံဖြစ်လာခဲ့သည်။ ၁၉၅၃ ခုနှစ်မှ ၁၉၅၆ ခုနှစ်အထိ ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်တို့တွင် အမှုထမ်းခဲ့သည်။ မြောက်ပိုင်းစစ်ဌာနချုပ်၊ တပ်မဟာ (၇) တပ်မဟာမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် အလုပ်ဖြုတ်ခံခဲ့ရသည်။ ၁၉၆၅ ခုနှစ်မှ ၁၉၆၇ ခုနှစ်ထိ အထိမ်းသိမ်းခံခဲ့ရသည်။ ၁၉၇၃ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ အမှတ် (၁) စက်မှုဝန်ကြီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။



ဦးညွန့်ဝေ
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပဲခူးတိုင်း တောင်ငူမြို့နယ်
မဲဆန္ဒနယ်အမှတ် (၂)
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

၁၉၂၆ ခုနှစ် နိုဝင်ဘာလ (၁၄) ရက်နေ့တွင် မွေးဖွားသည်။ ရန်ကုန်မြို့ စီးပွားရေးတက္ကသိုလ်မှဘွဲ့ရရှိခဲ့သည်။ အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ အမ်အေဘွဲ့ရရှိခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ စက်မှုဘဏ်နှင့် စီးပွားရေးဘဏ်တို့တွင် မန်နေဂျာအဖြစ်လည်းကောင်း၊ အာမခံကော်ပိုရေးရှင်းတွင် အကြံပေးအရာရှိအဖြစ်လည်းကောင်း အမှုထမ်းခဲ့သည်။ ၁၉၉၁ ခုနှစ် မတ်လ (၂၆) ရက်နေ့မှစ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်မှုဆောင်ကော်မတီ ဘဏ္ဍာရေးတာဝန်ခံအဖြစ် တာဝန်ယူခဲ့သည်။ ဦးညွန့်ဝေသည် ၁၉၉၅ ခုနှစ်၌ အမျိုးသားညီလာခံကို သပိတ်မှောက်ခဲ့သူတဦးလည်းဖြစ်သည်။

## (၅) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ တရားဝင်တည်ရှိမှုကို ထင်ရှားစေတဲ့ ဥပဒေကြောင်းဆိုင်ရာအချက်အလက်များက ဘာတွေလဲ



၁။ ၁၉၇၄ ခုနှစ်ပြည်သူ့လွှတ်တော်ဥပဒေများတွင် အကယ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားအ လုံး၏ (၃၄) ရာခိုင်နှုန်းက ပြည်သူ့လွှတ်တော်ခေါ်ယူပေးရန် တောင်းဆိုခဲ့လျှင် နိုင်ငံတော်အာဏာပိုင်များက ပြည်သူ့လွှတ်တော်ကို ခေါ်ယူပေးရန်တာဝန်ရှိသည်ဟူ၍ အစဉ်အလာရှိသည်။

၂။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်နေရာ စုစုပေါင်း၏ (၈၁) ရာခိုင်နှုန်းကျော် အနိုင်ရရှိခဲ့သည်။ စစ်အုပ်စု၏ ပါတီအားမဲဆန္ဒရှင်ပြည်သူများက နှစ်ခြိုက်မှုမရှိဆိုသည်မှာ သိသာထင်ရှားလွန်းပြီး အစိုးရတရပ်၏အခွင့်အာဏာကို ရယူထားရန်အသင့်မဖြစ်ပေ။ သို့သော်

အာဏာကိုလွှဲပြောင်းပေးအပ်ရန် ငြင်းဆန်လျက်စစ်အုပ်စုသည် တရားမဝင်အစိုးရတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်သည်။

၃။ စစ်အစိုးရသည် အဖွဲ့ချုပ်၏ညီလာခံများကို တားမြစ်ပိတ်ပင်လျက် အဖွဲ့ချုပ်အဖွဲ့ဝင်များအား အဓမ္မနုတ်ထွက်ရန် စေခိုင်းခြင်း၊ အဖွဲ့ချုပ်ရုံးများအား အဓမ္မပိတ်ပင်ခြင်းတို့ကို ပြုလုပ်လျက်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အဆက်မပြတ် ဆက်လက်နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားနိုင်ငံရေးပါတီများမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၅၁) ဦးသည် ၎င်းတို့ ကိုယ်စားပြုလုပ်ပိုင်ခွင့်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အား အပ်နှင်းထားပြီးဖြစ်သည်။ ယင်းအရေအတွက်သည် ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၅၂) ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိပြီး ၎င်းတို့၏ထောက်ခံမှုဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ဤထက်ဖော်ပြပါ အချက် (၄) ချက်ကို ကြည့်ခြင်းအားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ခေါ်ယူရေးတောင်းဆိုမှုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းရေးသည် တရားမဝင်ကြောင်း တင်ပြဖော်ထုတ်ရန် မည်သူတဦးတယောက်အတွက်မျှ ဥပဒေကြောင်းအရ မလွယ်ကူပေ။ စစ်အုပ်စုမှ ယင်းကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ လွှတ်တော်ခေါ်ယူရေးတောင်းဆိုမှုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းရေးသည် တရားမဝင်ကြောင်း မည်သည့်အခါကမျှ ထုတ်ဖော်ပြောဆိုနိုင်ခြင်းမရှိခဲ့ပေ။ ယင်းသို့ကြေညာထားမည့်အစား အမျိုးသားဒီမိုကရေစီအဖွဲ့အနေဖြင့် ဆွေးနွေးညှိနှိုင်းမှုကို လိုလားသည်ဆိုပါက ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ဖျက်သိမ်းရန်ကိုသာ တောင်းဆိုလျက်ရှိသည်။

၁၉၉၈ ခုနှစ်၊ မေလ (၂၇) ရက်နေ့တွင်ကျင်းပသော ရွေးကောက်ပွဲနှစ်ပတ်လည်အစည်းအဝေး၌ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့လွှတ်တော်ခေါ်ယူကျင်းပနိုင်ရေးအတွက် နိုင်ငံတော်အာဏာပိုင်များထံ တောင်းဆိုရန်ဆုံးဖြတ်ခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၅၁) ဦးမှ ပေးအပ်ထားသော အခွင့်အာဏာသည်လွှတ်တော်ကျင်းပနိုင်ရေးအတွက် တရားဝင်တောင်းဆိုမှုဖြစ်သည့်အတွက် တရားဝင်တောင်းဆိုမှုဖြစ်ရန် လိုအပ်သော (၃၄) ရာခိုင်နှုန်းထက်ပိုမိုများပြားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ၁၉၉၈ ခုနှစ် ဩဂုတ်လ (၂၁) ရက်နေ့နောက်ဆုံးထား၍ ပြည်သူ့လွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပပေးရန် တောင်းဆိုခဲ့သည်။ အလားတူတောင်းဆိုချက်ကို အခြားနိုင်ငံရေးပါတီ (၄) ခုဖြစ်သည့် မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဇိုမီးအမျိုးသားကွန်ဂရက်တို့မှလည်း တောင်းဆိုခဲ့သည်။ စစ်အာဏာရှင်တို့သည် ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် ၁၉၇၄ ခုနှစ် ပြည်သူ့လွှတ်တော်မှပြဋ္ဌာန်းထားသည့် အစဉ်အလာ (လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ (၃၄) ရာခိုင်နှုန်းက တောင်းဆိုလျှင် ပြည်သူ့လွှတ်တော်ခေါ်ယူပေးရမည်) တို့ကို ဖောက်ဖျက်ကျူးလွန်လျက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တရားသဖြင့်သော ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပရေးတောင်းဆိုမှုကို လျစ်လျူရှုပစ်ပယ်ခဲ့သည်။ ယင်းကဲ့သို့ စစ်အာဏာရှင်တို့၏ ပြည်သူ့ဆန္ဒကို ပစ်ပယ်မှုသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် အခြားနိုင်ငံရေးပါတီတို့အား ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ဖွဲ့စည်းနိုင်ရေးအတွက် အစပျိုးကြိုးပမ်းမှုဆီသို့ ဦးတည်စေခဲ့သည်။ ယင်းဖွဲ့စည်းမှုသည် ဒီမိုကရေစီပါတီစုံစနစ်တည်ဆောက်ရေးတာဝန်ရှိမှုကို အကောင်အထည်ဖော်ရန် လွှတ်တော်အမတ်အများစု၏ ဆန္ဒကိုအကောင်အထည်ဖော်ကြိုးပမ်းမှုမှ ရောင်ပြန်ဟပ်ပေါ်ထွက်လာသော ရလဒ်ဖြစ်ပေသည်။ သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီသည် တရားဥပဒေကြောင်းအရ ဖွဲ့စည်းထားသောတရားဝင်အဖွဲ့အစည်းတရပ်ဖြစ်ပါသည်။

## (၆) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ဘယ်သူတွေကထောက်ခံပါသလဲ



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို တိုင်းရင်းသားလူမျိုးစုပါတီ (၄) ခု၏ ထောက်ခံချက်ဖြင့် ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းပြီးလျှင်ပြီးချင်း အခြားသောအဖွဲ့အစည်းများကလည်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအားထောက်ခံကြောင်း ကြေညာခဲ့သည်။ ထောက်ခံကြောင်း ကြေညာချက်ကို နောက်ကျ၍ထုတ်ဝေပါက ထောက်ခံမှုကိုတားဆီး ရန်နအဖမှ ဖိအားပေးလာမည်ကို သိရှိ၍ ကြေညာချက်များကို စောလျင်စွာထုတ်ဝေနိုင်ရန် အထူးအရေးကြီးပေသည်။ မျှော်လင့်ထားသည့်အတိုင်း နအဖ မှ ဖိအားပေးလာသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား

ထောက်ခံမှုကြေညာချက်များ ပြန်လည်ရုတ် သိမ်းရမှုများသည် လွှဲရှောင်၍မရနိုင်ပါချေ။ သူတို့၏ အမှန်တကယ် စိတ်ဆန္ဒများကို ပိုမိုရှင်းလင်းစွာဖော်ပြနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ထောက်ခံကြောင်း ကြေညာချက်များကို စောလျင်စွာထုတ်ဝေခဲ့ခြင်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီအား ထောက်ခံမှုများကို ပြန်လည်ရုတ်သိမ်းခဲ့ရခြင်းတို့သည် နအဖ၏ နည်းပေါင်းစုံကာကွယ်ဖိ အားပေးမှုဖြစ်ကြောင်း ပိုမိုပေါ်လွင်ထင်ရှားစေခဲ့ပေသည်။ သို့သော် အချို့သောအဖွဲ့အစည်းများသည် မူလရပ်တည်ချက်ကို ထိမ်းသိမ်းရန်ကြိုးစားခဲ့သည်။ Wa National Organization မှထုတ်ပြန်ကြေညာချက်ထဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီအား ထောက်ခံမှုကို အခိုင်အမာဖော်ပြထားပြီး သမိုင်းတွင် အမျိုးသားသစ္စာဖောက်အဖြစ် သတ်မှတ်ထားကြရန် အပစ်အခတ်ရပ်စဲရေး အဖွဲ့များသို့လည်းတိုက်တွန်းပန်ကြားခဲ့၏။ ၎င်းအပြင် အပစ်အခတ်ရပ်စဲထားသောအဖွဲ့များသည် ကိုယ်ပိုင်ပြဌာန်းခွင့်၊ တန်းတူရေးနှင့်လွတ်လပ် ရေးတို့အပေါ်အခြေခံသော ဒီမိုကရက် တစ်ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ထူထောင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီအား ထောက်ခံရန်ပန်ကြားခဲ့၏။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအားထောက်ခံမှုကိုဖော်ပြသော အဖွဲ့အစည်းများမှာ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ဗမာမဟုတ်သော အခြားအပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့ (၄)ခု၏ သဘောတူညီချက်ဖြင့် ညှိနှိုင်းဆွေးနွေးချက်များ၏ရလဒ်အဖြစ် ဖွဲ့စည်းခဲ့သည်။

ယင်းအဖွဲ့များမှ –

(က) ရှမ်းပြည်လူမျိုးစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ Shan Nationalities People's Liberation Organization (ANPLO)

(ခ) ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး Karenni Nationalities People's Liberated Front (KNPLF)

(ဂ) မွန်ပြည်သစ်ပါတီ New Mon State Party (NMSP) တို့ဖြစ်ပြီး ၎င်းတို့သည် ၎င်းတို့၏ ဥဘောတူညီမှု (လွှတ်တော်ခေါ်ယူရေး)ကို ၁၉၉၉ ခုနှစ် ဩဂုတ်လ(၁၄)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးမှ ဩဂုတ်လ(၁၈)ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းမှုကိုထောက်ခံခဲ့သည်။

(ဃ) ချင်းအမျိုးသားတပ်ဦး Chin National Front(CNF)သည် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာ (၁၉)ရက်နေ့ တွင်လည်းကောင်း၊

(င) ပလောင်လွတ်မြောက်ရေးတပ်ဦး Palaung State Liberation Front(PSLF)က ၁၉၉၈ ခုနှစ်၊ စက်တင် ဘာ လ(၂၀)ရက်နေ့တွင်လည်းကောင်း၊

(စ ) လားဟူဒီမိုကရက်တပ်ဦး Lahu Democratic Front(LDF)က ၁၉၉၈ ခုနှစ်၊ စက်တင်ဘာ လ(၂၀) ရက်နေ့တွင်လည်းကောင်း၊

(ဆ) ဝ အမျိုးသားအစည်းအရုံး Wa National Organization (WNO)က ၁၉၉၈ခုနှစ်၊ စက်တင် ဘာလ(၂၄)ရက်နေ့တွင်လည်းကောင်း၊

(ဇ) မွတ်စလင်လွတ်မြောက်ရေးအဖွဲ့–ဗမာပြည် (Muslim Liberation Organization of Burma (MLO) က ၁၉၉၈ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်နေ့တွင်လည်းကောင်း၊

(ဈ) မွန်အမျိုးသား ဒီမိုကရေစီအဖွဲ့ Mon National Democratic Front (MNDF)၏ ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီအပေါ် ထောက်ခံမှုအလွန်အားကောင်းသည်။ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ နိုင်ငွေသိမ်း၊ ဒေါင်တာမင်းစိုးလင်း (ရေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဒေါက်တာ မင်းကြည်ဝင်း (လွှတ်တော်ကိုယ်စားလှယ်နှင့် MNDF အထွေထွေအတွင်းရေးမှူး) တို့မှာ ၁၉၅၀ပြည့်၊ အရေးပေါ် အက်ဥပဒေ ပုဒ်မဖြင့် ဖမ်းဆီးထိမ်းသိမ်းခံခဲ့ရသည်။

(ည)ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ပြောင်ပြောင်တင်းတင်းထောက်ခံမှုကို မဖော်ပြသော်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့မှ လွှတ်တော်ခေါ်ယူရေးတောင်းဆိုမှုအားရှုတ်ချရန် နအဖ၏ ဖိအားပေးမှုကို ငြင်းပယ်ခဲ့သည်။ နအဖ၏ တင်းကြပ်သောဖိအားပေးမှုကိုသတိထားလျက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ရှုတ်ချမှုသို့မဟုတ် ထောက်ခံမှုများကို မလုပ်သော်လည်း ကြားနေအဆင့်ကို ရွေးချယ်ခဲ့သည်။

 

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား အစိုးရများမှထောက်ခံကြသကဲ့သို့ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှလည်း ထောက်ခံခဲ့ကြသည်။

ဥပမာအားဖြင့်–

အမေရိကန်ပြည်ထောင်စုကို **Free Burma Coalition** အဖွဲ့ သြစတြေးလျရှိ **Australian Manufactures Union** နှင့် ဂျပန်နိုင်ငံရှိ **The People Forum on Burma** တို့မှ ပြည်သူ့လွှတ်တော် ခေါ်ယူနိုင်သည်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား မြန်မာပြည်သူတို့၏ တရားဝင်ကိုယ်စား လှယ်အဖွဲ့အဖြစ် အသိအမှတ်ပြုကြသည်။ ဥရောပသမဂ္ဂ၊ ဘယ်လဂျီယံ၊ ဒိန်းမတ်၊ ကနေဒါနိုင်ငံမှ ဗြိတိသျှကို လံဘီယာပြည်နယ်နှင့်နော်ဝေတို့မှ အစိုးရများကလည်း ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ထောက်ခံခဲ့ ကြသည်။ ကုလသမဂ္ဂအထွေထွေ ညီလာခံမှလည်း အထွေထွေညီလာခံဆုံးဖြတ်ချက်တွင် ပြည်သူ့လွှတ်တော်ကိုယ် စားပြုကော်မတီနှင့်ပတ်သက်၍ မှတ်သားထားရှိသည်။

၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ(၂၂)ရက်နေ့တွင် အမေရိကန်အခြေစိုက် **Free Burma Coalition** (တက္ကသိုလ်ပေါင်း၁၀၀ကျော်မှ ပါဝင်ဖွဲ့စည်းထားသည့်အဖွဲ့)မှ ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီအား ထောက်ခံကြောင်းကြေညာခဲ့သည်။

၁၉၉၈ခုနှစ်၊ အောက်တိုဘာလ(၁၉)ရက်နေ့က နော်ဝေအမျိုးသားလွှတ်တော်တွင် နိုင်ငံရေးပါတီများ၏ ပါလီမန်ဆိုင်ရာခေါင်းဆောင်များက ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအားထောက်ခံခဲ့ကြသည်။

၁၉၉၈ခုနှစ်၊ ဒီဇင်ဘာလ(၁၇)ရက်နေ့တွင် ဒိန်းမတ်အမျိုးသားလွှတ်တော်မှ နိုင်ငံရေးပါတီ(၅)ခု၏ ခေါင်းဆောင်များက ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား အသိအမှတ်ပြု ထောက်ခံခဲ့ကြသည်။

၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၄)ရက်နေ့တွင် ဘယ်လ်ဂျီယံအမျိုးသားလွှတ်တော်မှ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီအား အသိအမှတ်ပြုထောက်ခံကြောင်းကြေညာသည့် ဆုံးဖြတ်ချက်တရပ်ကို အတည်ပြုခဲ့ သည်။ ၁၉၉၉ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၀ပြည့်နှစ် ဒီမိုကရေစီရွေးကောက်ပွဲများတွင် ပြသခဲ့သည့်ပြည်သူလူထု၏ လိုအင်ဆန္ဒနှင့်အညီ မြန်မာပြည်ဒီမိုကရေစီထွန်း ကားရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်နှင့် နိုင်ငံရေးပါတီများနှင့် အစိုးရ မဟုတ်သောအဖွဲ့အစည်းများအား လွတ်လပ်စွာစီမံလုပ်ဆောင်ခွင့်ပြုရန် မြန်မာအစိုးရအား တိုက်တွန်းသော ဖော်ပြချက်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ထည့်သွင်းမှတ်သားခဲ့သည်။

၁၉၉၉ ခုနှစ်၊ မတ်လ(၄)ရက်နေ့တွင် ကနေဒါနိုင်ငံမှဗြိတိသျှကိုလံဘီယာပြည်နယ်၏ ဥပဒေပြုလွှတ်တော် ၌ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား အပြည့်အဝထောက်ခံမှုပေးသော အဆိုပြုတရပ်ကို အတည်ပြုခဲ့ သည်။ ဥပဒေပြုလွှတ်တော်သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား မြန်မာပြည်သူတို့ လိုအင်ဆန္ဒကို ဖော်ပြသည့် တရားဝင်လက်နက်တန်ဆာပလာအဖြစ် မှတ်ယူသည့်အပြင် ကနေဒါအစိုးရအားလည်း ဤအတိုင်း လုပ်ဆောင်ရန်တိုက်တွန်းခဲ့သည်။

၁၉၉၉ ခုနှစ်၊ ဧပြီလ(၁၄)ရက်နေ့တွင်ဥရောပပါလီမန်မှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ထောက်ခံကြောင်းနှင့် မြန်မာနိုင်ငံအား နိုင်ငံတကာမိသားစု၏ အစိတ်အပိုင်းတရပ်အနေဖြင့် အသိအမှတ်ပြုရေး အတွက် သုံးပွင့်ဆိုင်ဆွေးနွေးပွဲတရပ် မလွဲမသွေလိုအပ်ကြောင်းပါရှိသည့် ပူးတွဲဆုံးဖြတ်ချက်တရပ်ကို ချမှတ် အတည်ပြုခဲ့သည်။

၁၉၉၉ ခုနှစ်၊ ဧပြီလ(၁၆)ရက်နေ့တွင် The International Parliamentary Union မှ မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအားထောက်ခံကြောင်း ဆုံးဖြတ်ချက်တရပ် ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်တွင် "ပြည်သူ့လွှတ်တော်ခေါ်ယူရေးတောင်းဆိုချက်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းရာတွင် ရွေးချယ်တင်မြှောက်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ–၂၁ အရ အပ်နှင်းထားသည့်အတိုင်း သူတို့ရွေးချယ်ခံရသည့်နယ်မြေများရှိ ပြည်သူ့လူထု၏အရေးကိစ္စများကို ပါဝင်ဆောင်ရွက်ရမည့်အခွင့်အရေးကိုကာကွယ်ရန်နှင့် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များအား ယုံကြည်စွာအပ်နှင်းခဲ့သည့် တရားဝင်မှုအခွင့်အလမ်းကို အသုံးပြုရန်"ဟူ၍ အလေးအနက်ဖော်ပြခဲ့သည်။

၁၉၉၉ ခုနှစ်၊ မေလ(၁၁)ရက်နေ့တွင် The New State Council of the Australian Manufactures Workers Union မှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအားထောက်ခံကြောင်း ကြေညာခဲ့သည်။

၁၉၉၉ ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့တွင်ပြင်သစ်ရှိ အောင်ဆန်းစုကြည်ထောက်ခံရေးကော်မတီ (Committee Supporting Aung San Suu Kyi)သည် ပြင်သစ်လွှတ်တော်နိုင်ငံခြားရေးရာ ကော်မတီ ဥက္ကဋ္ဌအား ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ထောက်ခံရန်နှင့် ပြည်သူ့လွှတ်တော်အစည်း အဝေးခေါ်ယူကျင်းပရေးအတွက် ပြင်သစ်လွှတ်တော်အတွင်းလှုပ်ရှားမှုများ စတင်ရန်အလို့ငှာ အောင်မြင်စွာ ချဉ်းကပ်စည်းရုံးနိုင်ခဲ့သည်။

၁၉၉၉ခုနှစ်၊ ဇူလိုင်လ(၂၇)ရက်နေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ၌ ကျင်းပသော(၄၈)ကြိမ်မြောက် APRO FIET အလုပ်အမှုဆောင်အဖွဲ့၏အစည်းအဝေး၌ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား မြန်မာနိုင်ငံပြည်သူ့လွှတ်တော်၏ စစ်မှန်သောကိုယ်စားလှယ်အဖြစ် အသိအမှန်ပြုကြောင်းဆုံးဖြတ်ခဲ့သည့်အပြင် အာဆီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းသို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား အသိအမှတ်ပြုရန် တိုက်တွန်းနှိုးဆော်ခဲ့၏။

၁၉၉၉ ခုနှစ်၊ ဇူလိုင်လ(၂)ရက်နေ့တွင် The Tasmanian Trade and Labor Council သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား တရားဝင်မှုနှင့် နိုင်ငံရေးဆိုင်ရာ ထောက်ပံ့မှုများပေးအပ်ရန် သြစတြေးလျအစိုးရအား တိုက်တွန်းတောင်းဆိုသည့် ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့သည်။

၁၉၉၉ ခုနှစ်၊ သြဂုတ်လ(၉)ရက်နေ့တွင် ကွာလာလမ်ပူမြန်မာသံရုံးရှေ့ဆန္ဒပြပွဲ၌ မြန်မာပြည်သွေးစည်းညီညွတ်ရေးအဖွဲ့သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား အသိအမှတ်ပြုရန် နအဖအားတောင်းဆိုခဲ့ပြီးအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း ပုဒ်မ – (၂၁) တွင် အပ်နှင်းထားသည့်အတိုင်း ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို မြန်မာပြည်သူတို့အား ကိုယ်စားပြုသည့် တရားဝင်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ အစိုးရများအားတိုက်တွန်းနှိုးဆော်ခဲ့၏။

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလတွင် Australia Services Union မှ တရားဝင်မှုနှင့် နိုင်ငံရေးဆိုင်ရာ ထောက်ခံမှုများ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသို့ပေးအပ်ရန် သြစတြေးလျ အစိုးရအား တိုက်တွန်းတောင်းဆိုခဲ့သည်။ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင် Alternative Asean Network on Burma မှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား မြန်မာပြည်မဲဆန္ဒရှင်တို့၏ တရားဝင်ပြောရေးဆိုခွင့်ရှိတဲ့အဖွဲ့အဖြစ် အသိအမှတ်ပြုခဲ့သည်။ ယင်းအဖွဲ့သည် ဒေသတွင်းအဖွဲ့အစည်းများမှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ပိုမိုအသိအမှတ်ပြုလာစေရေးအတွက် စီမံလှုပ်ရှားရန်ဆုံးဖြတ်ခဲ့သည့်အပြင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုများ ကျင်းပရန် အာစီယံနိုင်ငံအစိုးရများအား တိုက်တွန်းနှိုးဆော်ခဲ့သည်။

၁၉၉၉ ခုနှစ် အောက်တိုဘာလ (၁၆) ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂ (The International Parliamentary Union) သည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ထောက်ခံကြောင်း ထပ်မံအတည်ပြုသည့် ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့သည်။ ၎င်းအပြင် ၎င်း၏အဖွဲ့ဝင်ပါလီမန်များသို့ မြန်မာပြည်ဒီမိုကရေစီအခြေခံများအား လေးစားလိုက်နာစေရေးအတွက် ဖိအားပေးရန်နှင့် သင့်တော်သည်ဟုထင်မြင်ယူဆသော နည်းလမ်းများကိုအသုံးပြု၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ထောက်ခံမှုမှတဆင့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲတွင် ရွေးချယ်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ သွေးစည်းညီညွတ်မှုကိုပြသရန် တောင်းဆိုခဲ့သည်။

၁၉၉၉ ခုနှစ် အောက်တိုဘာလ (၂၆) ရက်နေ့တွင် The Forum of Democratic Leaders - Asia Pacific (FDLAP) သည် နအဖအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၊ တိုင်းရင်းသားလူမျိုးစုများ ကြိုတင်စည်းကမ်းသတ်မှတ်ချက်မပါဘဲ တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းခဲ့သည်။ ၎င်းအပြင် တွေ့ဆုံဆွေးနွေးအဖြေရှာရေးဖြစ်စဉ်အား တိုးတက်ကောင်းမွန်မှုရှိလာစေရန် ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် အပြုသဘောရှေ့ရှုသော ချဉ်းကပ်မှုများကို လုပ်ဆောင်ရန်တောင်းဆိုခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် နအဖ ခေါင်းဆောင်များဆက်စပ်ဆောင်ရွက်ရန်အတွက် ထင်ရှားကျော်ကြားသည့် အာဆီယံမှခေါင်းဆောင်များပါဝင်သည့် အဖွဲ့တဖွဲ့ကိုဖွဲ့ထားခြင်းအားဖြင့် မြန်မာပြည်အတွင်းရှိ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဖြစ်စဉ်အား တိုးတက်မှုရှိစေရန် ဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အပြုသဘောရှေ့ရှုသော ချဉ်းကပ်မှုများကိုလုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။

၁၉၉၉ ခုနှစ် အောက်တိုဘာလ (၁၂) ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံကြီးမှ အာဏာပိုင်များအား တိုက်တွန်းအကြံပြုနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏တည်ရှိမှုကို မှတ်မှတ်သားသားဖော်ပြခဲ့သည်။ ထိုသို့တောင်းဆိုရာတွင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင် ဖော်ပြခဲ့သည့် ပြည်သူလူထု၏ လိုအင်ဆန္ဒနှင့်အညီ မြန်မာပြည်ဒီမိုကရေစီထွန်းကားရေးအတွက် လိုအပ်သောအဆင့်များကို ဆောင်ရွက်ရန်နှင့် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးခေါင်းဆောင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အကောင်အထည်မယ်မယ်ရရရှိသော တွေ့ဆုံဆွေးနွေးအဖြေရှာရေးကိစ္စရပ်များကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲဆောင်ရွက်ရန် ထည့်သွင်းတောင်းဆိုခဲ့၏။

၁၉၉၉ ခုနှစ် ဒီဇင်ဘာလ (၈) ရက်နေ့တွင် ကွိဘက်ပြည်နယ်အမျိုးသားလွှတ်တော်သည် ဗြိတိသျှကိုလံဘီယာပြည်နယ်လွှတ်တော်နှင့် ပူတွဲလျှက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအားထောက်ခံသော ဆုံးဖြတ်ချက်တရပ်ကိုထုတ်ပြန်ခဲ့သည်။ ၎င်းလွှတ်တော်မှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား မြန်မာပြည်သူတို့၏ တရားဝင် ကိုယ်စားလှယ်အဖွဲ့အဖြစ် အသိအမှတ်ပြုရန် ကနေဒါဗဟိုအစိုရသို့ တိုက်တွန်ခဲ့သည်။ အလားတူပင် မြန်မာပြည်၌ ပိုမိုဆိုးရွာသောအကြမ်းဖက်မှုများမပေါ်ပေါက်မီ အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးအဖြေရှာမှုများကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ပြုလုပ်ရန် နအဖသို့ တိုက်တွန်းနှိုးဆော်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ ဧပြီ (၁၁) ရက်နေ့တွင် The Council of Socialist International မှ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား ၎င်း၏အသိအမှတ်ပြုမှုကို ဖော်ပြခဲ့ပြီး ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်စုကြည်၏အောင်မြင်မှုကို အသိအမှတ်ပြုရန် ပန်ကြားခဲ့သည်။

၂၀၀၀ ပြည့်နှစ် ဧပြီ (၁၂) ရက်နေ့တွင် "လူ့အခွင့်အရေးကော်မရှင်၏ (၅၆) ကြိမ်မြောက်အစည်းအဝေး၌ မမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူလူထုကအပ်နှင်းထားသော ဒီမိုကရေစီအခွင့်အာဏာကို ကျင့်သုံးရန် နအဖ၏ ပိတ်ပင်တားမြစ်ခြင်းကို ခံနေရသော ၁၉၉၀ ပြည့်နှစ်တွင် ရွေးချယ်တင်မြှောက်ခံရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ကိုယ်စားပြုရန် ကော်မတီတရပ်ကို ယာယီအားဖြင့် ဖွဲ့စည်းခဲ့သည်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား အသိအမှတ်ပြု မှတ်သားထားခဲ့သည်။

စစ်အာဏာရှင်တို့အား တိုက်တွန်းနှိုးဆော်ချက်များတွင် "၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင်ဖော်ပြခဲ့သည့် ပြည်သူလူထု၏ လိုအင်ဆန္ဒနှင့်အညီ ဒီမိုကရေစီစနစ်ထူထောင်ရေးသေချာစေရန်အတွက် အဓိပ္ပါယ်ရှိသော လုပ်ဆောင်မှုများကို အလျင်အမြန်ဆောင်ရွက်ရန် ယင်းကိစ္စပြီးမြောက်အောင်မြင်ရန်အတွက် ဒီမိုကရေစီပြန်လည်ထွန်းကားရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် စစ်မှန်သော သုံးပွင့်ဆိုင်ဆွေးနွေးပွဲတရပ်ကို ချွင်းချက်မရှိအလျင်အမြန်ဆောင်ရွက်ရန်နှင့် နိုင်ငံရေးပါတီများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် လွတ်လပ်စွာ၎င်းတို့၏လုပ်ငန်းများဆောင်ရွက်ခွင့်ရှိရန်" ဟူ၍ တိုက်တွန်းခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအား အစိုးရအဖွဲ့များ၊ ပါလီမန်များ၊ ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကော်မရှင်ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာပါလီမန်များကဲ့သို့သော ကြီးမားသည့်အဖွဲ့အစည်းများ၏ တရားဝင်ထောက်ခံမှုများရရှိခြင်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ တရားဝင်မှုကို ပိုမို၍ယုံကြည်အားထားမှုများ တိုးပွားလာစေသည်။

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ကိုယ်စားလှယ်များကို အခြားသောမည်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်အာဏာများဖြင့်လည်းကောင်း မိမိတို့ဆန္ဒအရလည်းကောင်း နုတ်ထွက်ခြင်းနှင့် ထုတ်ပယ်ခြင်းများကို မည်သူကမျှပြုလုပ်နိုင်ခြင်းမရှိကြောင်း (၁၇၊ ၉၊ ၉၈) ရက်နေ့က ပြည်သူ့လွှတ်တော်ကိုစား ပြုကော်မတီ၏ ကြေညာချက် အမှတ် (၁) တွင် အတိအလင်း ကြေညာခဲ့ပြီးဖြစ်သည်။

(၇) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက ဘာတွေလုပ်ဆောင်နေသလဲ



ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ
ပုံမှန်အစည်းအဝေးကျင်းပနေစဉ်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ လုပ်ဆောင်မှုများကို ယေဘုယျအားဖြင့် (၄) ပိုင်းခွဲခြားရှုမြင်နိုင်ပါသည်။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတို့၏ အခြေခံအဆောက်အအုံနှင့် ဒီမိုက ရေစီအခြေခံမှုများတည်ဆောက်ရေး။

မြန်မာပြည်တွင် ကျင့်သုံးနေသော ဥပဒေများကို ပြန်လည်သုံးသပ်ရန် ပြင်ဆင်ခြင်း (သို့) ပြန်လည်ရုတ် သိမ်းခြင်းတို့အား သဘောတူညီမှုပေးခြင်း။

နအဖ၏ ကျူးလွန်ဖောက်ဖျက်မှုများအား မှတ်တမ်းတင်ခြင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ မူဝါဒများကို ဝေဖန်းဆန်းစစ်ခြင်း၊ သံတမန်ရေးလုပ်ရှားမှုနှင့် နိုင်ငံတကာဆက်ဆံရေး။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို ပြည်သူ့လွှတ်တော်မှအတည်ပြုရန်သဘောတူခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ဖိနှိပ်ရေးဥပဒေပုဒ်မများဖြစ်သည့် (ပုဒ်မ – ၅) နှင့် (ပုဒ်မ – ၁၀) တို့ကို ပြည်သူ့လွှတ်တော်မှပယ်ဖျက်ရန် သဘောတူခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် တည်ဆဲဥပဒေအသီးသီးကို ပြည်သူ့လွှတ်တော်က ပြန်လည်သုံးသပ်၍ ပြင်ဆင်ချင်ကပြင်ဆင်ရန် သဘောတူခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ၁၉၉၈ ခုနှစ် စက်တင်ဘာလ (၁၇) ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ဒေါက်တာဦးစောမြအောင် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ လွှတ်တော်ကိုယ်စားလှယ်အား ရွေးကောက်တင်မြှောက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ (၈) ရက်နေ့၌ ပြည်သူ့လွှတ်တော်ရေးရာကော်မတီများကို ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီများသည် ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းသည့် အချိန်အထိ တာဝန်ယူရန်ဖြစ်သည်။

(က)

**တိုင်းရင်းသားရေးရာကော်မတီ**

**ဦးအေးသာအောင်** (ဥက္ကဋ္ဌ)

**ဒေါ်အောင်ဆန်းစုကြည်** (အထွေထွေအတွင်းရေးမှူး)

(ခ )

ဘဏ္ဍာ – စီးပွား

ကုန်သွယ်ရေးရာကော်မတီ

ဦးညွန့်ဝေ (ဥက္ကဋ္ဌ)

(ဂ)
ဥပဒေရေးရာကော်မတီ
ဦးတင်ဦး (ဥက္ကဋ္ဌ)

(ဃ)
ပညာရေးကော်မတီ
ဒေါ်အောင်ဆန်းစုကြည် (ဥက္ကဋ္ဌ)

(င)
ကျန်းမာရေးနှင့် လူမှုရေးရာကော်မတီ
ဦးလွင် (ဥက္ကဋ္ဌ)

(စ)
နိုင်ငံတကာဆက်ဆံရေးကော်မတီ
ဦးအောင်ရွှေ (ဥက္ကဋ္ဌ)

(ဆ)
တောင်သူလယ်သမားရေးရာကော်မတီ
ဦးစိုးမြင့် (ဥက္ကဋ္ဌ)

(ဇ)
အလုပ်သမားရေးရာကော်မတီ
ဦးသန်းထွန်း (ဥက္ကဋ္ဌ)
ဦးလွန်းတင် (အတွင်းရေးမှူး)

(ဈ)
လွှတ်တော်ရေးရာကော်မတီ
ဦးလှဖေ (ဥက္ကဋ္ဌ)

(ည)
ကာကွယ်ရေးရာကော်မတီ
ဦးတင်ဦး (ဥက္ကဋ္ဌ)

ဒီမိုကရက်တစ်လူအဖွဲ့အစည်းတရပ်ထူထောင်ရေးနှင့် စစ်အာဏာရှင်စနစ်အကုန်အစင်ဖျက်သိမ်းရေးဟူသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရပ်တည်ချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ကြေညာချက်များတွင် ရှင်းလင်းစွာဖော်ပြခဲ့သည်။ နိုင်ငံရေးပါတီများသည် ဥပဒေ က ခွင့်ပြုထားသည့် နိုင်ငံရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အခွင့်အရေးရှိသည်ဟူ၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီမှ ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် မြန်မာပြည်တွင် ဒီမိုကရေစီထွန်းကားရေးအတွက် မည်မျှအရေးကြီးကြောင်းဖော်ပြခဲ့ပြီး၊ နအဖ၏ ယခုလုပ်ဆောင်နေသောအရာများမှာ မကောင်းသောအစဉ်အလာများကို ဖြစ်ထွန်းစေပြီး ဒီမိုကရေစီအသွင်းကူးပြောင်းရေးကာလပြီးလျှင်တောင်မှ ပြဿနာထွေပြားနိုင်မည့် နိုင်ငံရေးအကျင့်ဆိုးများကို ရင်ဆိုင်ကျော်လွှားရန် အခက်အခဲရှိနိုင်မည်ဟု ထောက်ပြခဲ့သည်။ အလားတူပင် မြန်မာပြည်ဒီမိုကရေစီရေးဖြစ်စဉ်ကာလအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အရေးပါမှုကဏ္ဍကို အလေးအနက်ဖော်ပြခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ (၃၀) ရာခိုင်နှုန်းက ဆန္ဒရှိလျှင် နိုင်ငံတော်အာဏာပိုင်များက ပြည်သူ့လွှတ်တော်အစည်းအဝေးကို ခေါ်ယူပေးရန်အတွက် ပြည်သူ့လွှတ်တော်မှ ပြဋ္ဌာန်းပေးရန်သဘောတူခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ဒီမိုကရေစီအခြေခံမူများနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်ကျေးရွာအက်ဥပဒေကို ပြင်ဆင်ရန်ထောက်ခံခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် ယခုတိုင်မြန်မာပြည်မှ လက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း အတည်မပြုရသေးသည့် ကလေးအခွင့်အရေးဆိုင်ရာသဘောတူညီချက် ( Convention on the Rights of the Child ) ကို အတည်ပြုရန်အတွက် ထောက်ခံခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် စစ်မှန်သောဒီမိုကရေစီစနစ်ထူထောင်ရန်နှင့် နိုင်ငံသားတို့၏ အခွင့်အရေးကို ကာကွယ်ရန်အလို့ငှာအောက်ဖော်ပြပါ စာချွန်တော်အမိန့်များ (Writs) ကို ဥပဒေတွင် ထည့်သွင်းရန်အတွက် ပြည်သူ့လွှတ်တော်သို့ ထောက်ခံရန် သဘောတူခဲ့သည်။

(က) ရှေ့တော်သွင်းစာချွန်တော်အမိန့် (Habeal Corpus)
(ခ) အာဏာပေးစာချွန်တော်အမိန့် ( Mandamus)
(ဂ) တားမြစ်စေ စာချွန်တော်အမိန့် ( Writ of Prohibition)
(ဃ) အာဏာပိုင်မေး စာချွန်တော်အမိန့် ( Quo Warrantee)
(င) အမှုခေါ် စာချွန်တော်အမိန့် ( Certiorari)


ဦး(ခွန်)ထွန်းဦး(ဥက္ကဋ္ဌ) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်(၅၃)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာစဉ်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် မြေမြှုပ်မိုင်များ အသုံးပြုမှု၊ သိုလှောင်မှုနှင့် ထုတ်လုပ်မှုတားဆီးပိတ်ပင်ရေး သဘောတူစာချုပ်အား ပြည်သူ့လွှတ်တော်မှ အတည်ပြုရေးအတွက်ထောက်ခံခဲ့သည်။ စပါး မရောင်းမနေရ ဥပဒေ – ၄/၇၈ အား ၁၉၇၈ ခုနှစ်၌ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည်။ သို့ရာတွင် ယင်းအမိန့်အားဖျက်သိမ်းရန်နှင့် ၁၉၆၃ ခုနှစ်ဥပဒေအားရုတ်သိမ်းရန်(သို့)ပြင်ဆင်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ တောင်သူလယ်သမား ရေးရာကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်မှပြောကြားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပါတီများသည် ဒီမိုကရေစီအစိုးရတရပ်တည်ဆောက်ရေးအတွက် တွေ့ဆုံဆွေးနွေး အဖြေရှာရန် စဉ်ဆက်မပြတ်တောင်းဆိုခဲ့သည်။ နအဖမှလည်း တွေ့ဆုံဆွေးနွေးရေးကို ငြင်းဆန်လျှက် တရားမျှတမှုကင်းမဲ့၍ လက်ခံနိုင်ဖွယ်မရှိသော အခြေအနေများကိုသာ လုပ်ဆောင်ခဲ့သည်ကိုလည်း ပြည်သူ့လွှတ် တော်ကိုယ်စားပြုကော်မတီမှ အခိုင်အမာမှတ်တမ်းပြုခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် နအဖမှ အကယ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအားဖျက်သိမ်းပေးပါက နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးပါမည်ဟု နိုင်ငံရေးပြန်ပေးဆွဲလုပ်ရပ်အပေါ် ရာဇဝတ်မှုသက်ရောက်သော လုပ်ရပ်ဖြစ်သည်ဟု ဖော်ထုတ်တင်ပြ ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းပြီးနောက်ပိုင်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား အယုံအကြည်မရှိအဆိုတင်သွင်း၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရုတ်သိမ်းပွဲများကို ဦးဆောင်ကျင်းပခဲ့သည်။ ၎င်းတို့ အသုံးပြုသော နည်းလမ်းများနှင့် အကျိုးသက်ရောက်မှု များကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ကြေညာချက်များတွင် အသေးစိတ်ထည့်သွင်းဖော်ပြ၍ ထုတ်ဖော်ခဲ့သည်။ အထိန်းသိမ်းခံနေရသော အရွေးချယ်ခံကိုယ်စားလှယ်များအား ဖိနှိပ်ညှင်းပန်းမှုများကို ဖော်ထုတ်တင်ပြခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် နအဖမှ ဆောင်ရွက်နေသည့် စပါး၊ ရာဘာနှင့် ဆီထွက်သီးနှံကဲ့သို့သော သီးနှံဖူလုံရေးစီမံကိန်းသည် ပတ်ဝန်းကျင်ပျက်သုဉ်းမှုပြဿနာများ ဖြစ်ပွားစေလိမ့်မည်ဟု ထောက်ပြခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် အင်ဒိုးနီးရှားသမတအဖြစ် အရွေးချယ်ခံရသော အဗ္ဗဒူရာမာန်ဝါဟစ်အား ချီးကျူးဂုဏ်ပြုကြောင်း ထုတ်ပြန်ချက်ကို ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြင့် ၎င်း၏သံတမန်ရေးလှုပ်ရှားမှု အရှိန်အဟုန်ကို မြင့်တင်ခဲ့သည်။ ယင်းထုတ်ပြန်ကြေညာချက်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံသည်လွတ်လပ်မှုနှင့် တရားမျှတမှုအတွက် အနာဂတ်ကာလတွင် ရင်းနှီးချစ်ကြည်စွာ အတူတကွလက်တွဲအလုပ်လုပ်နိုင်မည်ဟု ယုံကြည်ကြောင်းဖော်ပြခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ပြန်သောကြေညာချက်၌ ထိုင်းအာဏာပိုင်များထံ မြန်မာပြည်မှတရားမဝင်လာရောက်ကြသော မြန်မာအလုပ်သမားများနှင့် စပ်လျဉ်းသောကိစ္စရပ်အား လူ့အခွင့်အရေးအခြေခံဖြင့် ကိုင်တွယ်ဖြေရှင်းပါရန် ပန်ကြားခဲ့သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် မြန်မာအလုပ်သမားများ တရားမဝင် လာရောက်အခြေချမှုမှ မြန်မာနိုင်ငံရှိ ညံ့ ဖျင်းနုံချာသော အုပ်ချုပ်ရေးစနစ်ကြောင့်ဖြစ်သည်ဟု ထောက်ပြခဲ့ပြီး ယင်းပြဿနာအဖြစ်ယူဆရန် ထုတ်ဖော်ခဲ့ သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ထုတ်ပြန်သော ကြေညာချက်ထဲ၌ ရပ်ချ်ဘူရီခရိုင်ဆေးရုံအား လက်နက်ကိုင်အုပ်စု တစ်စုက ဝင်ရောက်စီးနင်းသိမ်းပိုက်မှုကို ရှုတ်ချခဲ့သည်။ ယင်းဖြစ်ရပ်သည် မြန်မာပြည်၌ ငြိမ်းမှုကင်းမဲ့ခြင်း၏ အကျိုးဆက်ဖြစ်သည်ဟု ထောက်ပြခဲ့သည်။ နောက်ပိုင်းတွင် ဆေးရုံစီးနင်းသိမ်းပိုက်မှုတွင် ပါဝင်သော လက်နက်ကိုင်များအား သတ်ဖြတ်မှုအပေါ်ပြစ်တင်ရှုတ်ချခဲ့ပြီး ဆေးရုံအား သိမ်းပိုက်ခဲ့မှု၏ အခြေခံအကြောင်းရင်းအား ကြည့်ရှုသုံးသပ်ပါရန် ထိုင်းအစိုးရအား ပန်ကြားခဲ့သည်။

### (၈) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ သက်တမ်းဘယ်လောက်သတ်မှတ်ထားသလဲ

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ သက်တမ်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် ခေါ်ယူကျင်းပနိုင်သည်အထိဖြစ်သည်။